# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 23, 2020 Volume 33, Number 16


**၂၃.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၆၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၇၇၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၉၅/- ကျပ် |
| CBM Rate | = ၁၃၈၈.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၇.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၅၃.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၆.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၂၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## အခေါက်ရွှေဈေး တစ်ကျပ်သား ကျပ် ၁၃ သိန်းကျော်ရောက်ရှိပြီး အရောင်းအဝယ်မဖြစ်၍ ဈေးအနည်းငယ်ပြန်ကျ




တစ်နှစ်အတွင်းပြည်တွင်း အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁,၃၀၀,၀၀၀ ကျော်သို့ ပြန်လည် မြင့်တက်လာကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များကပြောသည်။ ကမ္ဘာ့ရွှေဈေးတက်လာခြင်းနှင့် ပြည်တွင်းဒေါ်လာဈေးမြင့် တက်လာခြင်းကြောင့် ဈေးပြန်တက်လာခြင်း ဖြစ်သည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်များကဆိုသည်။ "ကမ္ဘာ့ရွှေဈေးကြောင့် မနက်ပိုင်း တစ်ဆယ့်သုံးသိန်းမြင့်တက်ပြီး ညနေပိုင်းမှာ ဒေါ်လာဈေးပြန်ကျသွားလို့ နည်းနည်းဈေးကျသွားတယ်"ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းများအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ဇူလိုင် ၂၂ ရက် နံနက်တွင် ပြည်တွင်းအခေါက်ရွှေဈေးသည် တစ်ကျပ်သားလျှင် ၁,၃၀၀,၀၀၀ ကျပ်ရှိခဲ့ပြီး ညနေပိုင်းတွင် ၁,၂၈၅,၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁,၈၅၈ ဒေါ်လာသို့ မြင့်တက်လာပြီး ဆယ်စုနှစ်တစ်ခုအတွင်း အမြင့်ဆုံးရွှေဈေးနှုန်းဖြစ်သည်။ ပြည်တွင်းရွှေဈေးသည် ၂၀၁၉ စက်တင်ဘာက အခေါက်ရွှေဈေးတစ်ကျပ်သားလျှင် ကျပ် ၁,၃၀၇,၀၀၀ အထိ မြင့်တက်ပြီး ဈေးကွက်၌ စံချိန်သစ်တင်ခဲ့သည်။

ပြည်တွင်းရွှေ ဈေးတက်လာသော်လည်း အရောင်းအဝယ်မဖြစ်၍ နေ့လယ်ပိုင်းကစ၍ ရွှေဈေးပြန်လည်ကျဆင်းခဲ့သည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာခြင်းသည် ရင်းနှီးမြှုပ်နှံသူများက ကပ်ရောဂါကြောင့် လုပ်ငန်းသစ်များမရှိ၍ ရွှေတွင်ရင်းနှီးမြှုပ်နှံလာခြင်းကြောင့် ဖြစ်သည်ဟု ၎င်းကဆိုသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဒုတိယအချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကပ်ရောဂါကာကွယ်၊ ကုသရေးအတွက်ငွေစက္ကူများ ပိုမိုရိုက်ထုတ်လာပြီး ငွေကြေးဖောင်းပွလာ၍ ရွှေဈေးမြင့်တက်လာခြင်းဖြစ်သည်ဟု ဦးကျော်ဝင်းကဆိုသည်။ ပြည်တွင်းအခေါက်ရွှေဈေးသည် တစ်ကျပ်သားလျှင် ဇွန် ၁၀ ရက်တွင် ကျပ် ၁,၂၁၈,၀၀၀ ပေါက်ဈေးရှိပြီး ၁၀ ရက်ကျော်အတွင်း ကျပ်ခုနစ်သောင်းမြင့်တက်လာခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=193164

## မြန်မာနိုင်ငံမှာသာထွက်တဲ့ ထုတ်ကုန်တွေကို Myanmar Brand သတ်မှတ်ပြီး နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ဖို့စီစဉ်နေ

မြန်မာနိုင်ငံမှာသာထွက်တဲ့ ထုတ်ကုန်တွေကို Myanmar Brand သတ်မှတ်ပြီး နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ဖို့ စီစဉ်နေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနကသိရပါတယ်။ Myanmar Brand အမျိုးအစားသတ်မှတ်တဲ့အခါ ပထမဦးစားပေးအဖြစ် သစ်သီးဝလံကို အဓိကထားလုပ်မှာဖြစ်ပြီး ဥပမာအနေနဲ့ မြန်မာပြည်မှာသာထွက်တဲ့ စိန်တလုံးသရက်သီး ၊ သနပ်ခါးစတဲ့ ပြည်ပမှာမထွက်တဲ့ ထုတ်ကုန်တွေကို Brand အမည်သတ်မှတ်နိုင်ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ " Myanmar Brand လုပ်ဖို့အတွက် ဝန်ကြီးရုံးက အခု ခွင့်ပြုပြီးပါပြီ ၊ အခုကို Myanmar Brand အနေနဲ့ လုပ်ပါ့မယ် ။ ပြီးရင် တစ်ကမ္ဘာလုံးက မီဒီယာတွေသိအောင်ဖြန့်ပြီး လုပ်ပါ့မယ်။ ပြည်သူတွေကို အသိပညာပေးရမယ် brand ဆိုတာဘာလဲ ၊ ပြည်ပဘယ်လိုထိုးဖောက်မလ ၊ brand ရတဲ့ ကုမ္ပဏီတွေကို ပြည်ပပွဲဘယ်လို ခေါ်မလဲ စတဲ့ အသိပညာပေးတာလုပ်မယ်လုပ်ပြီးတော့မှ ဘရမ်းတွေကိုပရိုမိုးရှင်းလုပ်မယ်။ အဲဒီတော့ နည်းနည်း အချိန်တော့ယူရဦးမယ်။" လို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနက ဒေါက်တာသက်လွင်ဦးက ပြောပါတယ်။

လက်ရှိမှာ Brand စိစစ်ရေးကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့မှာ စီးပွားကူးသန်း ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတို့ကနာယကအဖြစ် ဆောင်ရွက်ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မှာဖြစ်တယ်လို့သိရပါတယ်။ "အစားအစာမှာဆို လက်ဘက် ၊ မုန့်ဟင်းခါးစတာတွေရှိတယ်။ ဂျပန်ဆိုရင် ဆူရှီဆိုပြီးသိတယ်။ မြန်မာအစားအစာဆိုတာ သူတို့ကကြားသာ ကြားဖူးတာ ဘယ်လိုပုံစံလဲ သိပ်မသိဘူး။ ဖောက်တဲ့နေရာမှာ ကမ္ဘာဆိုတာထက် လူတော်တော်များများသိအောင်ကြိုးစားချင်တယ်။ နောက်ပြီး မြန်မာနိုင်ငံကိုလာလည်တဲ့ နိုင်ငံခြားသား ဧည့်သည်တွေမြန်မာ့အစားအစာက ဘယ်ဟာလဲဆိုတာသိအောင် ထုတ်ဖော်သင့်ပါတယ်။"လို့ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးနေလင်းမှပြောပါတယ်။ အဓိက မြန်မာ့ထုတ်ကုန်ပစ္စည်းတွေကို နိုင်ငံတကာကနေ စိတ်ချယုံကြည်ပြီး ကုန်သွယ်မှုမြှင့်တင်နိုင်ဖို့အတွက် Myanmar Brand သတ်မှတ်လုပ်ဆောင်နေတာဖြစ်ပါတယ်။

**Source:** https://www.duwun.com.mm/news/local-news/mnmaniumhaawkte-utkuntwekiu-myanmar-brand-tmhtpi-niutkakunwymhumhtiu-sisune-id37040

## ဒေါ်လာတန်ဖိုးတက်နိုင်ခြင်းကြောင့် အစိုးရအသုံးစရိတ်ကို တစ်ဒေါ်လာ ၁,၅၂၀ ကျပ်ဖြင့်တွက်ဟုဆို

ပြည်တွင်းငွေကြေးဈေးကွက်တွင် ငွေလဲနှုန်းပြန်လည်မြင့်တက်နိုင်သဖြင့် လာမည့်ဘဏ္ဍာနှစ်အစိုးရ အသုံးစရိတ် များကို အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁,၅၂၀ ဖြင့်တွက်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကပြောသည်။

ဒေါ်လာတန်ဖိုးမြင့်တက်နိုင်ခြေနှင့်ပတ်သက်၍ ဘဏ်အတိုးနှုန်းများလျှော့ထားခြင်း၊ ဘတ်ဂျက်လိုငွေများခြင်းနှင့် ငွေကြေးဖောင်းပွမှုဖြစ်နိုင်ခြင်း အချက်သုံးချက်ကြောင့် ဒေါ်လာတန်ဖိုးမြင့်တက်နိုင်သည်ဟု ၎င်းကဆိုသည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးက ကျပ် ၁,၄၀၀ အောက်တွင် ဈေးဖွင့်ပြီး အရောင်းအဝယ်ပြုလုပ်နေသည်။ “အသုံးစရိတ်များပြီး ငွေတွေထွက်လာရင် ဒေါ်လာတန်ဖိုးက တက်နိုင်တာပဲ”ဟု အငြိမ်းစား ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဦးသန်းလွင်က ပြောသည်။ သို့သော် ပြည်တွင်းဒေါ်လာ လိုအပ်ချက် အမှန်တကယ်ရှိလာမည်ဆိုမှသာ ဈေးနှုန်းလိုက်မြင့် တက်မည်ဖြစ်သည်။

COVID-19 ကပ်ရောဂါကုစားရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများမှ ချေးယူထားသော ဒေါ်လာတစ်ဘီလီယံကျော် မြန်မာနိုင်ငံသို့ ဝင်လာရန်ရှိနေသည်။ ပြည်တွင်းဝယ်လိုအားနည်းခြင်းကြောင့် ပြည်ပမှ ကုန်စည်တင်သွင်းရမှုကလည်း လျော့နည်းနေသဖြင့် ဒေါ်လာတန်ဖိုးမြင့်တက်နိုင်ခြေနှင့် ပတ်သက်ပြီး ခန့်မှန်းရန်ခက်ကြောင်း ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။

စားအုန်းဆီ၊ ဓာတ်ဆီ၊ဒီဇယ် စသော ကုန်စည်များအပါအဝင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှတင်သွင်းနေရသော မြန်မာနိုင်ငံတွင် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းက အထွေထွေကုန်ဈေးနှုန်းတက်စေသည်ဟု ကမ္ဘာ့ရတနာဘဏ်ဒုတိယအုပ်ချုပ်မှုဒါရိုက်တာဒေါက်တာလှညွန့်ကပြောသည်။ သို့သော် ဆန်၊ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သဘာဝဓာတ်ငွေ့တို့ကို ပြည်ပသို့ရောင်းချရာတွင် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းက အကျိုးအမြတ်ပိုမိုရစေသည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့ကသုံးသပ်သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အများစုက ဒေါ်လာတန်ဖိုးတက်ခြင်း၊ ကျဆင်းခြင်း ထက် တန်ဖိုးတည်ငြိမ်ရေးကိုသာ အဓိကလိုလားကြောင်းပြောသည်။

Source: https://7day.news/detail?id=193010

## တောင်သူလယ်သမားများဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာ ထောက်ပံ့ငွေ၊ အတိုးမဲ့ နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေး စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်လွှတ်တော်ဆုံးဖြတ်



တောင်သူလယ်သမားများဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများအတွက် နိုင်ငံတကာထောက်ပံ့ငွေ၊ အတိုးမဲ့ နှစ်ရှည်ချေးငွေများရရှိနိုင်ရေး စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကဆုံးဖြတ်ခဲ့သည်။

ဇူလိုင် ၂၁ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တောင်သူလယ်သမားများဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ (သို့မဟုတ်) အတိုးမဲ့ နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းက လွှတ်တော်သို့တင်သွင်းခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေတောင်သူလယ်သမားမိသားစုများဖြစ်ကြပါတယ်။ ခေတ်အဆက်ဆက် တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာကို အပြည့်အဝဖော်ဆောင်ပေးနေတဲ့ ကျေးဇူးရှင်များဖြစ်ကြပါတယ်။ တောင်သူလယ်သမားမိသားစုများ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ဦးသိန်းထွန်းကပြောကြားသည်။ လက်ရှိအချိန်တွင် တောင်သူလယ်သမားမိသားစုများသည် တစ်စတစ်စနိမ့်ပါးလာပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများရေကြီးနစ်မြုပ်ခြင်း၊ မိုးရေလုံလောက်စွာမရရှိခြင်း၊ ဆီးနှင်းများကျဆင်းခြင်း၊ ပိုးမွှားရောဂါများကြောင့် ပျက်စီးဆုံးရှုံး၍ သီးနှံအရည်အသွေးမမီခြင်း၊ သွင်းအားစုများဖြစ်သည့် လုပ်အားခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးများ ဈေးနှုန်းမြင့်မားခြင်း၊ တွက်ခြေကိုက်သည့်ဈေးကွက်မရရှိခြင်း၊ အဓိကစိုက်ပျိုးသည့်သီးနှံများဖြစ်သော စပါးနှင့်ပဲဈေးကျဆင်းမှုများကြောင့် နှစ်စဉ်လိုလို အရှုံးနှင့်ရင်ဆိုင်ကြရပြီး ဘဝရပ်တည်မှုတွင် အခက်အခဲများနှင့်တွေ့ကြုံနေကြရကြောင်း ဦးသိန်းထွန်းကပြောကြားသည်။

ဆောင်းရာသီကာလတွင် သီးနှံဈေးကွက် မရရာသည့်အတွက် အခြားအစားထိုး စားသောက်ကုန်သီးနှံများစိုက်ပျိုးခဲ့သော်လည်း COVID-19 အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ရသလို နိုင်ငံတော်၏အခြေခံစားကုန်ပစ္စည်း ငါးမျိုးထောက်ပံ့မှုတွင်လည်း တောင်သူလယ်သမားရရှိခဲ့ခြင်းမရှိသည့်အတွက် မမျှတမှုများ၊ မကျေနပ်မှုများ

ဖြစ်ပေါ်စေခဲ့ကြောင်း ဦးသိန်းထွန်းကပြောကြားသည်။ ဦးသိန်းထွန်းက “နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးပေးခြင်း၊ သမဝါယမဦးစီးဌာနအနေဖြင့်လည်း လယ်ယာသမဝါယမအသင်းများဖွဲ့စည်း၍ ငွေထုတ်ချေးပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလည်း မြစိမ်းရောင်အသင်းများဖွဲ့စည်း၍ ငွေထုတ်ချေးပေးခြင်းတို့အပြင် ပုဂ္ဂလိကအသင်းအဖွဲ့များအသီးသီးတို့မှလည်း ငွေများ ထုတ်ချေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြောကြားသည်။

တောင်သူလယ်သမားများအနေဖြင့် ယင်းငွေကြေးများအပြင် စိုက်ပျိုးစရိတ်မလောက်သည့်အတွက်ကြောင့် ပြင်ပမှ အတိုးကြီးပေးယူ၍ ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပြီး ငွေထုတ်ချေးရာတွင်လွယ်ကူသော်လည်း သတ်မှတ်ချိန် ငွေပြန်သိမ်းရာတွင် အခက်အခဲပေါင်းများစွာတွေ့ရှိနေရကြောင်း ဦးသိန်းထွန်းက ပြောကြားသည်။ “ဤကဲ့သို့ ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်နေရခြင်းဟာ တောင်သူလယ်သမားများရဲ့ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် များစွာမှရင်လေးစရာ ကောင်းလှ ပါတယ်။ အကြောင်းတရားကတော့ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းဖြင့် တွက်ခြေကိုက်မှုမရှိခြင်းတို့ ဖြစ်ပါတယ်။ နောက်ဆုံးကြွေးအများဆုံး စုဝေးရာသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌သာ တည်ရှိနေပါတယ်” ဟု ဦးသိန်းထွန်းက ပြောကြားသည်။ ကျောင်းကုန်းမြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၁၁၀၀၀၀ ကျော်ရှိပြီး တောင်သူလယ်သမားစုစုပေါင်း ၁၆၀၀၀ ကျော်ရှိသော် လည်းယခုနှစ် မိုးစပါးချေးငွေထုတ်ချေးပေးမှုသည် လက်ရှိအချိန်အထိ စိုက်ပျိုးဧက ၃၇၀၀၀ ကျော်အတွက် တောင်သူဦးရေ ၅၀၀၀ ကျော်ကိုသာ ထုတ်ချေးနိုင်သေးကြောင်းနှင့် ၂၀၁၉ ခုနှစ် မိုးစပါးချေးငွေမကျေသေးခြင်းကြောင့် ကျန်တောင်သူများသည် ချေးငွေမရရှိခြင်းဖြစ်ကြောင်း ဦးသိန်းထွန်းကပြောကြားသည်။

ဦးသိန်းထွန်းက “အခုအချိန်မှာ တောင်သူလက်ထဲမှာ စပါးလည်းမရှိ၊ ပဲလည်းမရှိ၊ ဘာမှလည်းမရှိဆိုတော့ ချေးငွေဆပ်ဖို့ရာ အတိုးကြီးငွေရှာ၊ ဒါမှမဟုတ် အတိုးဆပ်၍ အရင်းပြန်သွင်းတဲ့ ထုတ်ဆပ်လုပ်ရုံမှတစ်ပါး အခြားနည်းလမ်း မရှိနိုင်ပါဘူး။ ၂၀၁၃ မိုး ဆောင်းမှသည် ၂၀၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၂၀၁၉ အထိ ကြွေးငွေပေါင်း မြောက်မြားစွာရှိနေပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြွေးများဘီလျံချီရှိနိုင်ပါတယ်။ စောစောက ဝန်ကြီးပြောပြသလို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၉၄ ဒသမ ၂ ဘီလျံလောက် အကြွေးရှိနေပါတယ်။ ကြွေးအကျေမပေးနိုင်တဲ့ တောင်သူများကိုလည်း အရေးယူဖို့ဆိုတာကလည်း လွယ်ကူသည့် ကိစ္စရပ်မဟုတ်ပါဘူး။ တောင်သူလယ်သမားတိုင်း ကြွေးပတ်လည်ဝိုင်းနေသည်ကို ကွင်းဆင်းစစ်ဆေးကောက်ယူပါက သိရှိနိုင်ပါတယ်” ဟု ပြောကြားသည်။

လက်ရှိအခြေအနေကဲ့သို့ တောင်သူလယ်သမားများ အကြွေးနွံနစ်မှုသည် နိုင်ငံအတွက် ကောင်းမွန်သည့်လက္ခဏာ မဟုတ်ဘဲ တောင်သူလယ်သမားတိုင်း အကြွေးကင်းစင်မှသာ စိုက်ပျိုးထုတ်လုပ်တိုးတက်မှု၊ သီးနှံအရည်အသွေး မြင့်မားမှု များကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်း တွက်ခြေကိုက်မှု၊ အကြွေးကင်းစင်မှု များသည် အစိုးရအဖွဲ့မှစ၍ ပြည်သူတစ်ရပ်တွင်လည်းတာဝန်ရှိကြောင်း ဦးသိန်းထွန်းကပြောကြားသည်။ “ဘာကြောင့်လဲ ဆိုတော့ တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့ အရေးကြီးဆုံးကဏ္ဍဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံရေးကို အဓိကထား ဆောင်ရွက်နေသူများဖြစ်လို့ပါပဲ။ ဒါကြောင့်မို့ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးလုပ်ငန်းများမှာ အသုံးပြုခဲ့တဲ့ ကြွေးမြီ ကိစ္စကိုဖြေလျှော့နိုင်ဖို့ရာ နိုင်ငံတကာထောက်ပံ့ငွေ သို့တည်းမဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများကို ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်” ဟု ဦးသိန်းထွန်းကတင်ပြခဲ့သည်။

အထက်ပါအဆိုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်း ဆိုင်ဟိန်းက လွှတ်တော်၌ ထောက်ခံဆွေးနွေးခဲ့သည်။ ယင်းအဆိုကိုဆွေးနွေးရန် လွှတ်တော်၏သဘောထားရယူရာတွင် ကန့်ကွက်သူမရှိ သဘောတူခဲ့ခြင်းကြောင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသည့် တောင်သူလယ်သမားဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်း များတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ (သို့မဟုတ်) အတိုးမဲ့ နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စု အစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာခဲ့သည်။

**Source:** https://news-eleven.com/article/183954

## ထိုင်းဆန်တင်ပို့သူများအသင်းက ၂၀၂၀ ပြည့်နှစ်အတွက် ပြည်ပသို့ ဆန်တင်ပို့မှုခန့်မှန်းချက်ကို တန်ချိန် ၆.၅ သန်းအထိလျှော့ချ



ထိုင်းနိုင်ငံ၏ ဆန်တင်ပို့သူများအသင်းက ၂၀၂၀ ပြည့်နှစ်အတွက် ပြည်ပသို့ ဆန်တင်ပို့မှု ခန့်မှန်းချက်ကို ဆယ်စုနှစ်နှစ်ခုအတွင်း အနိမ့်ဆုံးပမာဏအဖြစ် တန်ချိန် ၆.၅ သန်းအထိလျှော့ချခဲ့သည်။ မိုးခေါင်မှုနှင့် ဘတ်ငွေခိုင်မာမှု အကြောင်းအရင်းများကြောင့် ခန့်မှန်းချက်ကို လျှော့ချခဲ့ခြင်းဖြစ်သည်ဟု ယင်းအသင်း၏ အမှုဆောင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာတွင် ဒုတိယအများဆုံးဆန်တင်ပို့သည့်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံအတွက် ဆန်တင်ပို့သူများ၏ နောက်ဆုံးခန့်မှန်းချက်သည် ၂၀၂၀ ပြည့်နှစ်အတွက် ကနဦးခန့်မှန်းချက် တန်ချိန် ၇.၅ သန်းထက် လျော့နည်းခဲ့သည်။ ထိုင်းဘတ်ငွေသည် အခြားငွေကြေးများနှင့်နှိုင်းယှဉ်ပါက ငွေကြေးတန်ဖိုး ဆက်လက်ခိုင်မာနေမှုအပြင် မိုးခေါင်းမှုကြောင့် ထိုင်းဆန်ထုတ်လုပ်မှုပမာဏသည် ယခုနှစ်ထုတ်လုပ်မှုရာသီတွင် တန်ချိန်ငါးသန်းအထိလျော့ကျပြီး ဈေးနှုန်း ပိုမိုမြင့်တက်မှုနှင့် ဈေးနှုန်းချင်း မယှဉ်နိုင်မှုတို့ကို ဆန်တင်ပို့သူများအသင်းက ထည့်တွက်ခဲ့သည်။ "တန်ချိန် ၆.၅ သန်းအထိ လျှော့ခဲ့တဲ့ ခန့်မှန်းချက်သစ်က နှစ် ၂၀ အတွင်းမှာ အနိမ့်ဆုံးပမာဏပါ" ဟု ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားခဲ့သည်။ ယခင်က အနိမ့်ဆုံးခန့်မှန်းချက်သည် ၂၀၀၀ ပြည့်နှစ်တွင် တန်ချိန် ၆.၁၅ သန်းတင်ပို့မည်ဆိုသော ခန့်မှန်းချက်ဖြစ်သည်။ "၂၀၂၀ ပြည့်နှစ်မှာ အပြင်းအထန်ယှဉ်ပြိုင်မှုတွေ ဖြစ်လာလိမ့်မယ်" ဟု ၎င်းကပြောကြားခဲ့သည်။

ဇန်နဝါရီမှဇွန်လအထိ ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၃.၁၄ သန်း တင်ပို့ခဲ့ပြီး ယင်းတင်ပို့မှုသည် ပြီးခဲ့သည့်နှစ် အလားတူကာလကထက် သုံးပုံတစ်ပုံခန့်နည်းပါးကာ အိန္ဒိယ၏ဆန်တင်ပို့မှုတန်ချိန် ၄.၅၃ သန်းနှင့် ဗီယက်နမ်၏ ဆန်တင်ပို့မှုတန်ချိန် ၄.၀၄ သန်းထက်နည်းပါးခဲ့သည်ဟု ဆန်တင်ပို့သူများအသင်း၏အချက်အလက်တွင် ဖော်ပြထားသည်။ Lockdown ကာလအတွင်း အိန္ဒိယကပို့ဆောင်ရေးများရပ်နားထားမှုနှင့် ဗီယက်နမ်က ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းတွင် ကာလတိုနှင့် ဝယ်လိုအားကို ချိန်ညှိနေစဉ်အတွင်း ပြည်တွင်းထောက်ပံ့မှုကို ဖူလုံမှုရှိစေရန်အတွက် စာချုပ်အသစ်များချုပ်ဆိုမှုကို ယာယီပိတ်ပင်ထားမှုကြောင့် ထိုင်းနိုင်ငံသည် အကျိုးအမြတ်ရရှိခဲ့သည်ဟု ဆန်တင်ပို့သူများအသင်း၏ ဒုတိယဥက္ကဋ္ဌ Charoen Laothamatas က ပြောကြားခဲ့သည်။ "COVID-19 ကြောင့် ဈေးကွက်မတည်ငြိမ်မှုဖြစ်ခဲ့တယ်။ တင်သွင်းသူတွေက လှောင်ထားဖို့အတွက် အစောပိုင်း ပုံမှန်ဝယ်ယူမှုထက် ပိုပြီးဝယ်လာတယ်။ အခုချိန်မှာတော့ သူတို့ အခိုက်အတန့်လိုအပ်မှာ မဟုတ်ဘူး" ဟု ၎င်းကပြောကြားခဲ့သည်။

စင်ကာပူ၊ ဟောင်ကောင်၊ ကနေဒါ၊ အမေရိကန်နှင့် ကနေဒါကဲ့သို့သော ချမ်းသာသော ဈေးကွက်များက အလုအယက် ဝယ်ယူမှုကြောင့် ထိုင်းအရည်အသွေးအကောင်းဆုံး စံပယ်ဆန်၏ရောင်းအားသည် ယခုနှစ်တွင် ၆၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တစ်ချိန်က ထိုင်းဆန်တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်သည် ပိုမိုသက်သာသည့်ဈေးနှုန်းဖြင့် အာဖရိကအဓိကဈေးကွက်များတွင် ထိုင်းကိုကျော်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/183923

## သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၆ သန်းကျော်ဝင်ရောက်



ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဇူလိုင်ဒုတိယပတ်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁၁၆ သန်းကျော် ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းထွန်း၏ ပြောကြားချက်အရသိရသည်။ လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပုံမှန်တိုးမြှင့်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ လမှ ဇူလိုင်ဒုတိယပတ်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၅၅၇ သန်းအထိ ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင်လာခြင်းဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအပေါ် များစွာအထောက်အကူဖြစ်စေပြီး ပြည်တွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။ လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ငန်းပေါင်း ၁၀၀ ကျော်ခွင့်ပြုထားကာ ဂျပန်နိုင်ငံမှ လုပ်ငန်း ၃၀ ကျော်ဖြင့် အများဆုံးဖြစ်ပြီး စင်ကာပူနိုင်ငံမှ ဒုတိယအများဆုံး ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62600-2020-07-23-10-05-32

## ချည်ပြတ်လပ်ခြင်းကြောင့် ရက်ကန်းလုပ်ငန်းများ ရပ်ဆိုင်းထား



ယခုကာလအတွင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဂိတ်များဖြစ်သည့် တမူး - မိုးရေးနယ်စပ်ဂိတ်နှင့် ရိခေါဒါရ် - ဇိုခေါထာရ် နယ်စပ်ဂိတ်တို့ ပိတ်ထားသည်မှာ ရက်ကြာမြင့်ပြီဖြစ်သောကြောင့် ရက်ကန်းရက်လုပ်ရာတွင် အဓိက အသုံးပြုသည့် အိန္ဒိယနိုင်ငံထုတ် ချည်များ ဈေးကွက်အတွင်း ပြတ်လပ်နေသဖြင့် ရက်ကန်းလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း ကလေးမြို့နယ်ရှိ ရက်ကန်းလုပ်ငန်းရှင်များထံမှသိရသည်။

ကလေးမြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် ရက်လုပ်ကြသည့် ရက်ကန်းလုပ်ငန်းပေါင်း ၁၅၀၀ ကျော်ရှိပြီး အဆိုပါ ရက်ကန်းစင်များမှ ချင်းရိုးရာအထည်များဖြစ်သည့် ဟားခါး၊ တီးတိန်၊ ဖလမ်း၊ မီဇိုး၊ ဇိုတုန်စသည့် ရိုးရာအထည်တို့ကို အဓိကရက်လုပ်ကြောင်း၊ အဆိုပါလုပ်ငန်းသည် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံထုတ် အိန္ဒိယချည်ကို အဓိက အသုံးပြုကြခြင်းဖြစ်ကြောင်း၊ COVID-19 ရောဂါကြောင့် မတ်လမှစ၍ နယ်စပ်ဂိတ်များ ဝင်ထွက်သွားလာမှု ပိတ်ထားသဖြင့် ချည်များ ပြတ်လပ်နေပြီး ရက်ကန်းလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းဖြစ်ကြောင်း သိရသည်။

ရက်ကန်းရက်လုပ်ရာတွင်အသုံးပြုသော အိန္ဒိယချည် နှစ်ပိဿာပါ အထုပ်တစ်ထုပ်လျှင် ယခင်က ငွေကျပ် ၂၉၀၀၀ ခန့်ရှိပြီး ယခုအခါ ငွေကျပ် ၃၅၀၀၀ ခန့်ရှိသော်လည်း ဈေးကွက်အတွင်း အလွယ်တကူဝယ်ယူ၍ မရကြောင်း၊ အိန္ဒိယချည်သည် ကျစ်လျစ်ခြင်း၊ ရက်ကန်းရက်သည့်အခါ အထည်အသားမပွခြင်းတို့ကြောင့် ၎င်းချည်ဖြင့်သာ ရက်လုပ်ကြခြင်းဖြစ်ပြီး ကလေးမြို့နယ်အတွင်း ရက်ကန်းလုပ်ငန်းကို နေအိမ်တွင်စင်ထောင်၍ တစ်ဖက်တစ်လမ်းမှဝင်ငွေရရန် လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း ကလေးမြို့ရှိ ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီလာဦးကပြောသည်။

ယခင်က ကလေးမြို့ပေါ်ရှိ ရက်ကန်းစင်များ၌ ရက်ကန်းလုပ်ငန်းလုပ်ကိုင်ရခြင်းကြောင့် ဒေသအတွင်း အမျိုးသမီးများမှာ အလုပ်အကိုင် အခွင့်အလမ်းများရရှိလာ၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြောင်း၊ ကလေးဒေသထွက် ရက်ကန်းထည်များကို အိန္ဒိယနိုင်ငံအပြင် အခြားပြည်ပနိုင်ငံကြီးများသို့လည်းကောင်း၊ ပြည်တွင်းမြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မုံရွာနှင့် အခြားမြို့ကြီးများရှိ ချင်းရိုးရာအထည်ဆိုင်များသို့လည်းကောင်း တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source:** http://www.myawady.net.mm/business/item/62591-2020-07-23-09-58-48

## ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ကုစားမှုများဆောင်ရွက်



ကိုဗစ်-၁၉ ရောဂါအလွန်ကာလ၌ ဟိုတယ်၊ မိုတယ်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် နိုင်ငံတော် အစီအစဉ်ဖြင့် ကုစားမှုများစီစဉ်ဆောင်ရွက်နေကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က ပြောကြားသည်။ "နိုင်ငံတော်အနေနဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိတဲ့လုပ်ငန်းတွေကို ပြန်လည်ကုစားဖို့၊ ပြန်လည်စတင်ဖို့ဆိုပြီးတော့ မူဝါဒအရ ဟိုတယ်၊

မိုတယ်တွေအတွက် ချေးငွေလျှော့ပေါ့ပြောင်းထားခွင့်ရခဲ့ပါတယ်။ ဟိုတယ်၊ မိုတယ် အလုံး ၅၀ ကျော်ရှိတဲ့အနက်က ၁၇ လုံး ချေးငွေလျှော့ပေါ့ထားခဲ့ပါတယ်။ လတ်တလောမှာ ၁၁ လုံး ချေးငွေရရှိထားပါတယ်” ဟု တိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်စိန်က ပြောကြားသည်။ ဟိုတယ်များ၏ အခန်းအရေအတွက်၊ ရင်းနှီးမြှုပ်နှံမှု၊ ပြီးခဲ့သည့်နှစ်နှစ်စာအခွန်ဆောင်ထားမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လည်ပတ်မည့်စီမံချက်များအပေါ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက စိစစ်တင်ပြကာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်ကအဖွဲ့နှင့်ဆုံးဖြတ်၍ ကျပ်သိန်း ၆၀၀၊ ၄၀၀၊ ၃၅၀ စသည်ဖြင့် သတ်မှတ်ထုတ်ချေးပေးနေခြင်းဖြစ်သည်။

“ခရီးသွားလုပ်ငန်းကြောင့် နစ်နာခဲ့ရတဲ့ဝန်ထမ်းတွေကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရဲ့ ဘတ်ဂျက်နဲ့မွမ်းမံသင်တန်းတွေပေးပြီး တစ်ရက်ကို ကျပ် ၄၈၀၀ နှုန်းထောက်ပံ့ဖို့ အစီအစဉ်ရေးဆွဲပြီးဖြစ်ပါတယ်။ ဇူလိုင်လကုန် ဩဂုတ်လအတွင်းမှာလုပ်ပေးနိုင်မှာပါ။ လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ဆိုက်ကား၊ မြင်းလှည်း၊ စက်လှေမောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ ဘုရားစောင်း တန်းဈေးသည်များကိုလည်း လုပ်ငန်းအခြေခံများသိရှိဖို့နဲ့ ထောက်ပံ့တဲ့သဘောလည်းဖြစ်အောင် နေ့တွက်ပေးသင်တန်းတွေ ဖွင့်ပေးဖို့ရှိပါတယ်” ဟု တိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်စိန်က ရှင်းပြသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှာ မတ်လအတွင်း၌ ၄၀ ရာခိုင်နှုန်း၊ ဧပြီလအတွင်း၌ ၇၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ မေလနှင့် ဇွန်လများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သမျှ အားလုံးနီးပါး ရပ်ဆိုင်းသွားခဲ့ရကြောင်း၊ ဇွန်လ ၃၀ ရက်တွင် ဟိုတယ်၊ မိုတယ်အချို့ကို ပြန်လည်ဖွင့်ခွင့်ပေးခဲ့ပြီး ကုစားမှုအစီအစဉ်များလုပ်ဆောင်နေခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အပင်ပန်းပွင့်ရုံဖြင့် တစ်နှစ်စာ အသီးကြိုရောင်းနိုင်သည့် ဝေါ့ချိုပင် စိတ်ပါဝင်စားသူများပြား



အပင်ပေါ်၌ ပန်းပွင့်ရုံမျှဖြင့် တစ်နှစ်စာအတွက် ထွက်ရှိလာမည့် အသီးများကို ကြိုတင်ရောင်းချထားနိုင်သည့် ဝေါ့ချိုပင်စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူ များပြားလာကြောင်း တောင်သူများထံမှ သိရသည်။

ဈေးကွက်အနေနဲ့က ပြည်တွင်းမှာ မလုံလောက်ဘူး။ ဈေးကွက်လိုလားမှုများပြားတော့ အပင်မှာပန်းပွင့်တာနဲ့ တစ်နှစ်စာအသီးကိုပါ ကြိုရောင်းထားလို့ ရပါတယ်ခင်ဗျ။ ဝယ်လက်တွေက အသီးကို သူတို့ဘာသာ ကိုယ်တိုင်လာခူးဆွတ်ပြီး သူတို့ဘာသာပဲ သယ်ယူသွားတာပါ။ ကိုယ်က ဘာမှလုပ်ပေးစရာကိုမလိုဘူးဟု ဝေါ့ချိုပင် စီးပွားဖြစ်စိုက်ပျိုးနေသူ ဦးမောင်မောင်ဦး က ပြောသည်။

ဝေါ့ချိုပင်သည် အနှစ်(၃၀)ဝန်းကျင်အထိ သက်တမ်းရှည်သည့် နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး၊ အပင်သက် (၃)နှစ်တွင် အသီးစတင်၍ အပင်သက်တမ်း (၅)နှစ်သားတွင် နေ့စဉ်ဝင်ငွေ (၅၀,၀၀၀)ကျပ်မှ (၁၀၀,၀၀၀)ကျပ် အတွင်းအထိ ရရှိနိုင်ကြောင်း သိရသည်။

ကျွန်တော်က ပထမ (၂) နှစ်ကို ငှက်ပျောပင်နဲ့ တွဲစိုက်တယ်။ (၂)နှစ်ပြည့်တဲ့အခါမှာ ငှက်ပျောကို ခုတ်လိုက်တယ်။ (၃) နှစ်မှာတော့ အသီးစသီးတဲ့နှစ်ဆိုတော့ သက်တမ်းတိုပြီး အပင်ပုတဲ့မျိုးတွေကို ကြားညှပ်စိုက်ပါတယ်။ စောင်းလျားပင် ကြားညှပ်စိုက်တယ်။ ရဲယိုပင်တွေ ကြားညှပ်စိုက်တယ်။ သံပုရာပင်လည်း ကြားညှပ်စိုက်လို့ရတယ်။ ဝေါ့ချိုမျိုးက အပင်ကြီးမျိုးဖြစ်တဲ့အတွက် အပင်နိမ့်ပြီးတော့ ကြားညှပ်စိုက်လို့ရတဲ့ အပင်တွေကို ပင်ကြားတန်းကြား (၂၅) ပေပတ်လည် ကြားထဲမှာ စိုက်သွားလို့ရပါတယ်ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိဈေးကွက်တွင်း ဝေါ့ချိုသီး နှစ်တင်းခွဲဝင်တစ်အိတ်လျှင် ပေါက်ဈေး (၁၃,၀၀၀)ကျပ်မှ (၂၀,၀၀၀) ကျပ်အတွင်း ပေါက်ဈေးရှိနေသည်။

**Source:** https://greenwaymyanmar.com/posts/ambarella_fruit_get_good_price

## ဈေးနှုန်းအတက်မျှော်လင့်ပြီး စောင့်ဆိုင်းနေသော ကုန်သည်များကြောင့် အရောင်းအဝယ်အေးနေတဲ့ မတ်ပဲ



ပြည်တွင်းဈေးကွက်အတွင်းရှိ မတ်ပဲဈေးနှုန်းများမှာ ယခင်သီတင်းပတ်ကာလနဲ့နှိုင်းယှဉ်ပါက ငွေကျပ် ၁,၀၀၀ ဝန်းကျင်ခန့် ဈေးကျသွားပြီး မတ်ပဲလက်ဝယ်ရှိသူများမှလည်း ဈေးနှုန်းအတက်ကို ဆက်လက်စောင့်ဆိုင်းနေတဲ့အတွက် မတ်ပဲ အရောင်းအဝယ်အေးနေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်း ကုန်သည်များအသင်းမှ တာဝန်ရှိသူ တစ်ဦးက ဆိုပါတယ်။

ဇူလိုင်လအတွင်း မတ်ပဲဈေးနှုန်းများအနေနဲ့ ၁၀ ရက်နေ့မှာ ၃၁,၆၀၀ ခန့်ရှိနေရာမှာ ဇူလိုင် ၁၂ ရက်နေ့မှာ ၃၀,၂၀၀ ကျပ်အထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ဇူလိုင် ၁၄ ရက်နေ့မှာ ၃၀,၇၀၀ ကျပ်ခန့်အထိ ဈေးနှုန်း အနည်းငယ်ပြန်တက်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် မတ်ပဲဝယ်ယူနေကျ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့ပါကစ္စတန်တို့မှာ မတ်ပဲလိုအပ်ချက်တွေရှိနေတဲ့အတွက် မတ်ပဲဈေးအတက်ကိုမျှော်ကာ အရောင်းအဝယ်အေးနေတာလည်း ဖြစ်နိုင်ချေရှိပါတယ်။ ပြည်တွင်းမှာတော့ မတ်ပဲအဟောင်းနဲ့ အသစ်လက်ကျန် တန်ချိန် (၁.၅) သိန်းခန့်သာရှိတဲ့အတွက် ပြည်ပမှ ဝယ်လက်လိုက်လာပါကလည်း မတ်ပဲအသစ်ထွက်ချိန် ဖေဖော်ဝါရီမတိုင်မီအထိ လက်ထဲမတ်ပဲကိုင်ထားသူများ ဈေးကောင်းရနိုင်မှာဖြစ်ကြောင်း ကုန်သည်တွေကမျှော်လင့်နေကြပါတယ်။

**Source: AMIA**

https://www.facebook.com/pissayainfo/?ref=py_c

## နိုင်ငံတကာခရီးသွားလုပ်ငန်းအများစု ထိုင်းဈေးကွက်မှထွက်ခွာနေ

ထိုင်းခရီးသွားလာရေးလုပ်ငန်းကောင်စီ (TCT) ရဲ့ အဆိုအရ နိုင်ငံတကာခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်း ၃၀ ရာခိုင်နှုန်းကျော်လောက် ထိုင်းခရီးသွား ဈေးကွက်ကနေ ထွက်ခွာနေကြတယ်လို့ သိရပါတယ်။ TCT ရဲ့အကြီးအကဲဖြစ်သူ Chairat Trirattanajarasporn ကလည်း သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ လုပ်ငန်းလည်ပတ်တာကို ရပ်တန့်တာမျိုး ဒါမှမဟုတ် ပိုင်ဆိုင်တာကို ပြန်လည်ရောင်းချတာမျိုးစတဲ့ မသေချာမရေရာတဲ့အခြေအနေကြောင့် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကာလ ၆ လကြာပြီးတဲ့နောက်မှာ ခရီးသွားလုပ်ငန်းတွေရဲ့ အခြေအနေကပိုမိုဆိုးရွားလာဖို့ရှိနေတယ်လို့ ခန့်မှန်းပြောကြားခဲ့ပါတယ်။ သူ့ပြောကြားချက်အရ အကျပ်အတည်းဒဏ်ခံနေရတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားတွေကတော့ ခရီးသွားလုပ်ငန်း၊ ဘတ်စ်ကားဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းတွေဖြစ်တယ်လို့သိရပါတယ်။ ဟိုတယ်လုပ်ငန်းမှာဆိုရင်တော့ တရုတ်ခရီးသွားတွေကို အဓိကပစ်မှတ်ထားတဲ့ ဟိုတယ်လုပ်ငန်းတွေက ပိုပြီးအထိနာနေပါတယ်။

ခရီးသွားလုပ်ငန်းဌာနရဲ့ပြောဆိုချက်အရ ဇန်နဝါရီလကနေဇွန်လအထိ ခရီးသွားလုပ်ငန်းပေါင်း ၁၁၁၁ လောက်က သူတို့ရဲ့ လုပ်ငန်းလိုင်စင်တွေကို ပြန်လည်ရုတ်သိမ်းခဲ့တယ်လို့သိရပါတယ်။ ဇွန်လအတွင်း ကုမ္ပဏီပေါင်း ၂၆၂ ကုမ္ပဏီ ဈေးကွက်ကနေ အပြီးအပိုင် ထွက်ခွာသွားခဲ့ပါတယ်။ ထိုင်းခရီးသွားအေဂျင်စီ အဖွဲ့အစည်းရဲ့အကြီးအကဲဖြစ်သူ Thanapol Cheewarattanaporn ကလည်း နိုင်ငံအများစုနဲ့ချိတ်ဆက်ပြီး ခရီးသွားလုပ်ငန်းတွေကို အကောင်အထည်မဖော်နိုင်ခဲ့ရင် ပြည်ပခရီးသွားလုပ်ငန်းတွေရဲ့ ၃၀ ရာခိုင်နှုန်းကျော်ကို အပြီးအပိုင်ပိတ်ထားရလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

လက်ရှိမှာတော့ ခရီးသွားလုပ်ငန်းအများစုအနေနဲ့ ခရီးသွားလာရေးနဲ့သက်ဆိုင်တဲ့ အသေးစိတ်အချက်အလက်တွေကို စောင့်ဆိုင်းနေရဆဲပါပဲ။ Rayong မှာ အီဂျစ်လေယာဉ်မှူးတယောက် ဗိုင်းရပ်စ်တွေ့ရှိခဲ့သလို ဆူဒန်သံတမန်တဦးရဲ့ သမီးဖြစ်သူမှာလည်း ဗိုင်းရပ်စ်တွေ့ရှိခဲ့ပြီးနောက် ခရီးသွားလာရေးဆိုင်ရာ သဘောတူညီချက်တွေကို ပိုပြီးကြန့်ကြာနိုင်ဖို့ရှိနေပါတယ်။ နယ်စပ်တွေကို ပြန်လည် ဖွင့်လှစ်ဖို့ စောင့်ဆိုင်းနေချိန်မှာပဲ စီးပွားရေးလုပ်ငန်းတွေကို ထိန်းသိမ်းလိုသူတွေအဖို့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေကို ဦးစားပေးအနေနဲ့ ဆောင်ရွက်လာကြတယ်လို့ Mr.Thanapol က ပြောပါတယ်။

**Source:** https://burma.irrawaddy.com/lifestyle/travel/2020/07/22/226737.html

# STOCK EXCHANGE (23.7.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 23rd Jul. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,500 | 10,000 | 404 | 4,116,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,800 | 3,800 | 3,800 | 1,730 | 6,574,000 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 20 | 160,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 127 | 2,794,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | +100 | +3.64% | 2,850 | 2,850 | 2,850 | 1 | 2,850 | 12,823,224 | 36,546 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 157 | 424,000 | 19,977,223 | 54,937 |


## Market summary

As of 23rd Jul. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.59 | +2.15 | +0.50% | 434.75 | 443.86 | 434.75 | 2,439 | 14,071,350 | 6 | 648,134 |

### Index chart



# Market Overview

As of 1:00 pm, 23rd Jul. 2020

| MYANPIX | 435.59 ▲ 2.15 |
|---|---|
| Total Volume (shares) | 2,439 |
| Total Value (MMK) | 14 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,134 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 100 |
| EFR | 00006 | 2,750 | ▲ 50 |

TIR